ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်။
(၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။)

အောက်ပါပြဌာန်းဥပဒေကိုထုတ်ပြန်ကြေညာသည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၅။]

နိဒါန်း

ကမ္ဘာပေါ်တွင် လူသားတို့အား၊ အညွန့်တုံးစေနိုင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ယခုအခါတွင် ပြန့်ပွါးလျက်ရှိရာ ယင်းဆေးဝါးများကို အချိန်မီ တားဆီး ပိတ်ပင်ခြင်းမလုပ်ပါက လူသားအားလုံးတို့၏ ဘဝကိုပင် ပျက်ပြုန်းလောက်အောင် ထိပါးလာနိုင်ပါသည်။ ဤဘေးအန္တရာယ်ကို တကမ္ဘာလုံးရှိ နိုင်ငံအသီးသီးက ကာကွယ် တိုက်ဖျက်လျက်ရှိသည့် နည်းတူ ပြည်ထောင်စု မြန်မာနိုင်ငံကလည်း ထိရောက်စွာ ကာကွယ် တိုက်ဖျက်ရန် လိုအပ်ပါသည်။ ဤသို့ လူညွှန့်တုံးစေမည့် အန္တရာယ်ကို ထိရောက်စွာ ကာကွယ်တိုက်ဖျက်ရန်မှာ ပြင်းထန်သောပြစ်ဒဏ်ပေးရုံမျှနှင့် လုံလောက်မည်မဟုတ်ပဲ ယင်းဆေးဝါးများ၏ အန္တရာယ် မည်မျှကြီးမားသည်ကို လုပ်သားပြည်သူများအား သိစေရန် ပညာပေးသည့် နည်းဖြင့် လည်းကောင်း၊ ပြစ်ဒဏ်ထိရောက်စွာ ချမှတ်သည့် နည်းဖြင့်လည်းကောင်း၊ ယင်း ဆေးဝါးပင်များကိုစိုက်ပျိုးလျက် အသက်မွေး ဝမ်းကျောင်း ပြုလုပ်နေသူများအား၊ အခြား သီးနှံပင်များနှင့် အစားထိုး စိုက်ပျိုးစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်၍ လည်းကောင်း၊ ထိုဆေးဝါးများကို စွဲသုံးနေသူများအားလည်း အစိုးရ၏ အစီအစဉ်အရ ဆေးဝါးကုသပေးခြင်းကို မခံမနေရဟု တိတိကျကျ ပြဋ္ဌာန်း ဆောင်ရွက်၍လည်းကောင်း အဘက်ဘက်က ပြုလုပ်မှသာလျှင် ထိရောက်အောင်မြင်စွာ ကာကွယ် တိုက်ဖျက် နိုင်မည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ အောက်တွင်ဖော်ပြထားသော ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

အမည်၊ စတင်အာဏာတည်သည့်နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ မူးယစ် ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍အချိန်ကာလ အပိုင်းအခြားဖြင့် ခြွင်းချက် ပေးထားသော နယ်မြေဒေသများမှအပ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တခုန်းလုံးတွင် ချက်ခြင်းအာဏာ တည်စေရမည်။

၂။ ။ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်းအဓိပ္ပါယ် သက်ဝင်စေရမည်-—

(က) "မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး" ဆိုသည်မှာ၊ အောက်ပါ တခုခုကိုဆိုသည်—

(၁) ဘိန်းပင်၊ကိုကားရွက်နှင့် ဆေးခြောက်ပင်အမျိုးမျိုးမှ ထုတ်လုပ်သော အရာဝတ္ထုများ၊ ပြင်ဆင်ပြုလုပ်သော အရာဝတ္ထုများ။

(၂) မူးယစ်ထုံထိုင်း ဘေးဖြစ် စေတတ်သော ဆေးဝါးများအဖြစ် အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် ကြေညာသည့် ပြင်ဆင်ပြုလုပ်ပြီးသော ဆေးဝါးများနှင့် အခြား အရာဝတ္ထုများ။

(ခ) "ထုတ်လုပ်ခြင်း" ဆိုသည်မှာ၊ ဘိန်းပင်၊ ကိုကားရွက်နှင့် ဆေးခြောက်ပင်အမျိုးမျိုးတို့မှ လူတို့သုံးစွဲနိုင်အောင် အဆင့်တဆင့်အဖြစ်ခွဲခြား ထုတ်ယူခြင်းကိုဆိုသည်။

(ဂ) "ပြင်ဆင် ပြုလုပ်ခြင်း" ဆိုသည်မှာ၊ ဘိန်းပင်၊ ကိုကားရွက်နှင့် ဆေးခြောက်ပင် အမျိုးမျိုးတို့ကို အဆင့်ကိုး၍ ဓါတုဗေဒ နည်းအရလည်းကောင်း၊ အခြား သင့်တော်ရာ နည်းအရလည်းကောင်း မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး အဖြစ်သို့ ရောက်ရှိအောင် ပြင်ဆင် ပြုလုပ်သည့် လုပ်ငန်းစဉ် တရပ်ရပ်ကိုဆိုသည်။

(ဃ) "လက်ဝယ်ထားခြင်း" ဆိုသည်တွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး တခုခုကို သူတဦးဦး၏ ကိုယ်ခန္ဓာပေါ်၌ ထားရှိခြင်းသာမက၊ ယင်း၏နေအိမ်၊ ဖိမ်ဥပစာ၊ ယာဉ် စသည်တို့၌ တွေ့ရှိခြင်းတို့လည်း ပါဝင်သည်။

အခန်း ၂

စိုက်ပျိုးခြင်းကိုတားမြစ်ခြင်း

၃။ ။(က) မည်သူမျှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးထုတ်လုပ်ရန်အလို့ငှါ၊ ဘိန်းပင်၊ ကိုကားပင်၊ဆေးခြောက်ပင် တမျိုးမျိုးနှင့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး ထုတ်လုပ်နိုင်သော အခြားမည်သည့် အပင်ကိုမဆို စိုက်ပျိုးခြင်းမပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး(၅) နှစ်မှ အများဆုံးထောင်ဒဏ် (၁၀) နှစ်အထိ၊ သို့မဟုတ် ယင်းထောင်ဒဏ်နှင့်

ငွေဒဏ်ကျပ် တသောင်းအထိ ချမှတ်ခြင်း ခံရမည်။ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးပင် စိုက်ခင်းများကို ဖျက်ဆီးခြင်း ခံရမည်။ ယင်းဆေးဝါးပင် စိုက်ပျိုးရာတွင် အသုံးပြုသည့် ကိရိယာ တန်ဆာပလာများ၊ ကျွဲ နွားနှင့် တိရစ္ဆာန်များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

အခန်း ၃

ထုတ်လုပ်ခြင်းကို တားမြစ်ခြင်း

၄။ ။(က) မည်သူမျှမူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးကို ထုတ်လုပ်ခြင်း မပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အများဆုံးထောင်ဒဏ်(၁၀)နှစ်အထိ၊သို့မဟုတ် ယင်းထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် တသောင်းအထိ ချမှတ်ခြင်းခံရမည်။ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများနှင့် ယင်းဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကိရိယာ တန်ဆာပလာများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

အခန်း ၄

ပြင်ဆင်ပြုလုပ်ခြင်းကို တားမြစ်ခြင်း

၅။ ။(က) မည်သူမျှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအဖြစ်သို့ ရောက်ရှိအောင် ပြင်ဆင်ပြုလုပ်ခြင်းမပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး(၁၀)နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း၊ သို့မဟုတ် သေဒဏ်ချမှတ်ခြင်း ခံရမည်။ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့်ယင်းဆေးဝါး ပြင်ဆင်ပြုလုပ်ရာတွင် အသုံးပြုသည့် ကိရိယာ တန်ဆာပလာများ၊ ယာဉ်များ၊မြေနှင့် အဆောက်အဦများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

အခန်း ၅

လက်ဝယ်ထားခြင်းကို တားမြစ်ခြင်း

၆။ ။(က) မည်သူမျှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကိုသော်လည်းကောင်း၊ ယင်းဆေးဝါး ထုတ်လုပ်သည့်၊ သို့မဟုတ် ပြင်ဆင်ပြုလုပ်သည့်၊ သို့မဟုတ် အသုံးပြုသည့်ပစ္စည်းကို သော်လည်းကောင်း အစိုးရ၏ ခွင့်ပြုချက်အရမှအပ လက်ဝယ်ထားခြင်း မပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး (၅) နှစ်မှ အများဆုံးထောင်ဒဏ် (၁၀) နှစ်အထိ၊ သို့မဟုတ် ယင်းထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် တသောင်းအထိ ချမှတ်ခြင်း ခံရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးနှင့် ပစ္စည်းများ၊ ယာဉ်များ၊ မြေနှင့် အဆောက်အဦများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

အခန်း ၆

သယ်ယူပို့ဆောင်ခြင်းကို တားမြစ်ခြင်း

၇။ ။(က) မည်သူမျှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးကို သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး (၅) နှစ်မှ အများဆုံးထောင်ဒဏ် (၁၀) နှစ်အထိ၊ သို့မဟုတ် ယင်းထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် တသောင်းအထိ ချမှတ်ခြင်း ခံရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ၊ ယင်းဆေးဝါးများနှင့် ပတ်သက်သော ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ကိရိယာ တန်ဆာပလာများ၊ ယာဉ်များနှင့် တိရစ္ဆာန်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

အခန်း ၇

ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းကို တားမြစ်ခြင်း

၈။ ။(က) မည်သူမျှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ပြည်ပမှ တင်သွင်းခြင်း၊ သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း၊ သို့မဟုတ် ပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး (၁၀) နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း၊ သို့မဟုတ် သေဒဏ်ချမှတ်ခြင်းခံရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းခံရမည်။

အခန်း ၈

လွှဲပြောင်းပေးခြင်းကို တားမြစ်ခြင်း

၉။ ။(က) အစိုးရ၏ ခွင့်ပြုချက်ဖြင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို လက်ဝယ်ထားရှိသူ မည်သူမျှ ယင်းသို့ ခွင့်ပြုချက် မရှိသူတဦးအား ယင်းမူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို လွှဲပြောင်းပေးခြင်း မပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အများဆုံးထောင်ဒဏ် (၁၀)နှစ်အထိ၊ သို့မဟုတ် ယင်းထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် တသောင်းအထိ ချမှတ်ခြင်း ခံရမည်။ ထိုပြင်ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ယင်းဆေးဝါးများ လွှဲပြောင်းပေးရာတွင် အသုံးပြုသည့် ပစ္စည်း၊ကိရိယာ တန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်းခံရမည်။

အခန်း ၉

ရောင်းချခြင်းကို တားမြစ်ခြင်း

၁၀။ ။(က) မည်သူမျှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချခြင်း မပြုရ။

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး (၁၀)နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း၊ သို့မဟုတ် သေဒဏ်ချမှတ်ခြင်း ခံရမည်။ ထိုပြင်ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ယင်းဆေးဝါးများ ရောင်းချရာတွင် အသုံးပြုသည့် ပစ္စည်း၊ ကိရိယာ တန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့် အဆောက်အအုံ များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

အခန်း ၁၀

ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီမှုများ

၁၁။ ။မည်သူမဆို ဤဥပဒေအရ ပြစ်မှုတခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင်၊ သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင်၊ သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။

အခန်း ၁၁

ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်း

၁၂။ ။ဤဥပဒေအရ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းတို့နှင့် စပ်လျဉ်းသော လုပ်ပိုင်ခွင့်များ၊ တာဝန် ဝတ္တရားများနှင့် လုပ်ထုံးလုပ်နည်းများကို နည်းဥပဒေများဖြင့် သီးခြားသတ်မှတ် ပေးရမည်။

၁၃။ ။ဤဥပဒေအရ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုလုပ်ပိုင်ခွင့်ရှိသော သူတဦးဦးသည် ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းပြုရာ၌ မိမိအတွက်

သော်လည်းကောင်း၊ သူတပါးအတွက် သော်လည်းကောင်း တဦးဦးထံမှ လာဘ်လာဘကို ဖြစ်စေ၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေ တတ်သောဆေးဝါးကိုဖြစ်စေ၊ လက်ခံလျှင်၊ သို့မဟုတ် ရယူလျှင်၊သို့မဟုတ် လက်ခံရန် သဘောတူညီလျှင် ထောင်ဒဏ်အနည်းဆုံး (၅) နှစ်မှ အများဆုံးထောင်ဒဏ် (၁၀)နှစ်အထိ ချမှတ်ခြင်းခံရမည်။

အခန်း ၁၂

မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးသုံးစွဲသူများကို မှတ်ပုံတင်စေခြင်း၊ ဆေးကုသပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်း

၁၄။ ။(က) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအမြဲ သုံးစွဲနေသူများသည်၊ အစိုးရကသတ်မှတ်သော ကာလအပိုင်းအခြား အတွင်း၌ သတ်မှတ်သည့် ဌာနများတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ၊ မှတ်ပုံတင်ထားသော မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါး အမြဲသုံးစွဲ နေသူများအား၊ ဆေးဝါးစွဲနေခြင်းမှ ကုသပေးရေးနှင့် ပတ်သက်၍ အစိုးရသည် ညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး ရံဖန်ရံခါ သုံးစွဲသူများအား၊ ကုသပေးရေးနှင့် ပတ်သက်၍ အစိုးရသည်၊ လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဃ) မည်သူမဆို ဤပုဒ်မအရ၊ ထုတ်ပြန်သော ညွှန်ကြားချက် တခုခုကို လိုက်နာရန် ပျက်ကွက်လျှင် ထောင်ဒဏ်အနည်းဆုံး (၆)လမှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ခြင်းခံရမည်။

အခန်း ၁၃

အထွေထွေ

၁၅။ ။အစိုးရက ဆေးဝါးများ ထုတ်လုပ်ရန်အတွက် သော်လည်းကောင်း၊ သုတေသန လုပ်ငန်းများအတွက် သော်လည်းကောင်း၊ အခြားအကြောင်း ကိစ္စရပ် တခုခုကြောင့် သော်လည်းကောင်း မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့် စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်ခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၆။ ။ပုဒ်မ ၁၅ ပါလုပ်ငန်းများဆောင်ရွက်ရန် အစိုးရက ခွင့်ပြုထားသည့် အဖွဲ့အစည်း ပုဂ္ဂိုလ်များ၊ သို့မဟုတ် တာဝန်အရ ဝန်ထမ်းများက တရားဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း သည်လည်း ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၇။ ။ဤဥပဒေပါ ပြစ်မှုတရပ်ရပ်ကို ကျူးလွန်ကြောင်း၊ သို့မဟုတ် ကျူးလွန်ရန် ကြံစည်နေကြောင်း သတင်းပေးသူများနှင့် ယင်းသတင်းပေးချက်အရ ထောက်လှမ်းစုံစမ်း၍ ပြစ်မှုကျူးလွန်သူနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းများ ဖမ်းဆီးရမိအောင် ကူညီဆောင်ရွက်သူများကို အစိုးရက နည်းဥပဒေများ ပြဋ္ဌာန်း၍ ဆုငွေချီးမြှင့်နိုင်သည်။

၁၈။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ နည်းဥပဒေများ၊အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၉။ ။အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင် ဆိုထားစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းထားသည့် အချက်များနှင့် သက်ဆိုင်သည့် ကိစ္စများကို ဤဥပဒေအရသာ အရေးယူ ဆောင်ရွက်ရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ ဆောင်လှူရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်။
(၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ ဆောင်လှူရေးကောင်စီ။